# ME R



M.A [redacted]-1966)
MP and Parliamentary
Secretary

# ပါလီမန်အမတ်လောင်းနှင့် အမတ်ဟောင်း
# မဒ္ဒတာ အမ်၊အေ၊ ဂဖါးက
# မြန်မာနိုင်ငံတော်အစိုးရ အတွင်းဝန်ချုပ်ထံ ဆက်သခဲ့သော
# သဝဏ်လွှာ

၁၉၄၂-ခုနှစ်တွင် တရားဝင်သော အစိုးရသည် ရခိုင်တိုင်းမှ ထွက်ခွာသွားသောအခါ၊ စစ်တွေခရိုင် အရေးပိုင်ဟောင်းသော ဦးကျော်ခိုင်အား ရခိုင်တိုင်းကို စောင့်ရှောက်ရန် တာဝန်ပေးထားခဲ့ပါသည်။ သူသည် ရခိုင်လူကြီးများကို လက်နက်များ ဝေငှပေးသောကြောင့်၊ လူမျိုးရေး အဓိကရုဏ်းဖြစ်ရာ၊ စစ်တွေခရိုင်ရှိ ကျောက်တော်၊ မြို့ဟောင်း၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ မင်းပြား၊ ရသေ့တောင်နှင့် ကျောက်ဖြူခရိုင် မြေပုံမြို့နယ်များမှ မွတ်စလင်မ် (ရိုဟင်ဂျာလူမျိုး) များကို မောင်းထုတ်ခဲ့လေသည်။ ထိုအဓိကရုဏ်းတွင် မသေဘဲ ကျန်ရစ်ခဲ့သူများသည် ရိုဟင်ဂျာ အုပ်ကွက်ဖြစ်သော မောင်းတော၊ ဘူးသီးတောင်မြို့နယ်များ၌ ခိုလှုံနေကြ၍၊ အထက်ပါမြို့နယ်များမှ မောင်းထုတ်သူများသည် ၎င်းမြို့နယ် (မောင်းတော၊ဘူးသီးတောင်) များ၌ အဓိကရုဏ်းကို လှုံ့ဆော်ခဲ့ကြပါသည်။ ထို့ကြောင့် လူနည်းစုဖြစ်သော ရခိုင်လူမျိုးများသည် ၎င်းမြို့နယ် ၂-နယ်မှ ကြောက်လန့်၍ ထွက်ပြေးခဲ့ကြပါသည်။ အချို့မှာ ကျောက်တော်နှင့် မြို့ဟောင်း မြို့နယ်များသို့ လာရောက်၍၊ အချို့မှာ အထူးသဖြင့်၊ မောင်းတောမြို့နယ်မှ ရခိုင်များကို အိန္ဒိယသို့ ခေါ်ဆောင်သွားခဲ့၍၊ ဒိနာဇ်ပုရ် ဒုက္ခသည်စခန်းတွင် ထားခဲ့ကြပါသည်။ ဗြိတိသျှအစိုးရသည် ၎င်းမြို့နယ်ကို

ပြန်လည် သိမ်းပိုက်သောအခါ၊ အထက်ပါ မြို့နယ်များမှ မောင်းထုတ်ခဲ့သော ရိုဟင်ဂျာအချို့သည် မောင်းတော၊ ဘူးသီးတောင် မြို့နယ်များတွင် ခိုလှုံကြ၍၊ အချို့မှာ အိန္ဒိယသို့ ထွက်သွားခဲ့ကြပါသည်။ အိန္ဒိယသို့ ထွက်သွားခဲ့သူများအနက် နှစ်သောင်းလေးထောင် (၂၄,၀၀၀) (ဝါ) နှစ်သောင်းခြောက်ထောင် (၂၆,၀၀၀) လောက်ကို ဒုက္ခသည်စခန်းများ၌ ထား၍၊ ကျန်အချို့မှာ စစ်တကောင်းနယ်တွင် ကွဲပြားဖြန့်ကြဲနေထိုင်ကြပါသည်။ ဗြိတိသျှအစိုးရသည် ရခိုင်တိုင်းကို ပြန်လည်သိမ်းပိုက်သောအခါ၊ စစ်တကောင်းနယ်တွင် ကွဲပြားနေထိုင်ခဲ့သော ရိုဟင်ဂျာတို့သည် မောင်းတော၊ဘူးသီးတောင် မြို့နယ်များသို့ ပြန်လာ၍၊ ခေတ္တနေထိုင်ခဲ့သူများကို အိန္ဒိယနှင့် ပါကစ္စတန်ပြည်များမှ အသစ် ဝင်ရောက်လာကြသည်ဟု ပြောဆိုကြသော်လည်း၊ အမှန်မှာ ထိုသူများသည် ရခိုင်ပြည်တောင်ပိုင်းမှ မောင်းထုတ်ခြင်းခံရသူများသာ ဖြစ်ကြပါသည်။ ဒုက္ခသည်စခန်းမှ များစွာသော ရိုဟင်ဂျာ ဒုက္ခသည်များကို စစ်တွေမြို့သို့ ယူဆောင်လာသော်လည်း၊ယခုထက်တိုင် သူတို့၏ မူလနေရပ်ရာဟောင်းများတွင် ပြန်လည်နေရာချထားခြင်း မရှိခဲ့ပေ။ သို့ရာတွင် ဒုက္ခသည် ၆,၀၀၀ တို့ကို ဒုက္ခသည် စခန်းတခု၌ ပစ်ထားခဲ့ပါသည်။ထိုဒုက္ခသည်များနှင့် ပတ်သက်၍ အိန္ဒိယအစိုးရဧရာလွှတ်ခဲ့သော မစ္စတာ ဂန်ဒီဗီယ(Mr Gundevia) သည် ရခိုင်တိုင်းမင်းကြီး ဦးကျော်နှင့်တွေ့ဆုံ၍၊ အိန္ဒိယအစိုးရသည် ဒုက္ခသည်စခန်းများကို ပိတ်ရန် ဆုံးဖြတ်ခဲ့ကြောင်းနှင့် ထိုဒုက္ခသည် ၆,၀၀၀ ကို စစ်တွေမြို့သို့ ပြန်ပို့ဆောင်လိုကြောင်း ပြောပြရာ၊ တိုင်းမင်းကြီး ဦးကျော်သည် ရခိုင်လူမျိုးဖြစ်သောကြောင့်၊ ထိုရိုဟင်ဂျာ ဒုက္ခသည်များကို ပြန်မယူ

လက်မခံနိုင်ကြောင်း ငြင်းဆိုခဲ့ခြင်း ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ ၁၉၄၂-ခုနှစ်တွင် မောင်းတော၊ ဘူးသီးတောင်မြို့နယ်များ၌ ခိုလှုံခဲ့ကြသော ဒုက္ခသည်များကိုလည်း သူတို့၏ မူလနေရာများတွင် ပြန်လည်နေရာ ချထားခြင်းမရှိပေ။

မြန်မာအစိုးရသည် စင်မ်လာ (Simla) မှ ပြန်လာသောအခါ၊ CASB ခေတ်မှာ အမှုထမ်းခဲ့သော မွတ်စလင်မ် အထူးသဖြင့် ရိုဟင်ဂျာ အရာရှိများကို ပြောင်းရွှေ့ခဲ့၍၊ ၎င်းတို့၏ နေရာများတွင် ရခိုင်အရာရှိများကို ပြောင်းရွှေ့ ခန့်ထားခဲ့ကြပါသည်။ ဤကဲ့သို့ မပြောင်းရွှေ့မီ V Force များနှင့် ပုလိပ်အမှုထမ်းများအချို့ကိုလည်း အလုပ်မှ ထုတ်ပစ်ခဲ့ကြပါသည်။ ရခိုင်တိုင်းကို ပြန်လည်သိမ်းပိုက်သည့်အခါမှ စ၍ ရခိုင်တိုင်း တောင်ပိုင်းတွင် အခွန်တော် ကောက်ခံခြင်းမရှိခဲ့ပါ။ ဘူးသီးတောင်မြို့နယ်မှ ဇဖါးရ်ဆိုသူသည် ရခိုင်ပြောက်ကြားများနှင့် အဆက်အသွယ် ရှိလို၍ အလုပ်မှ ထုတ်ပစ်ခဲ့သော အချို့ V Force များနှင့် ပုလိပ်အမှုထမ်းများတို့သည်လည်း ထိုရခိုင်ပြောက်ကြားများနှင့် ပူးပေါင်းခဲ့သည်ဟု ပြောဆိုကြပါသည်။ ရခိုင်တိုင်း တောင်ပိုင်းတွင် ရခိုင်လူမျိုးများသည် အခွန်တော်များ မပေးခဲ့သော်လည်း၊ မောင်းတော၊ ဘူးသီးတောင်မြို့နယ်များမှာ ရိုဟင်ဂျာများသည် အခွန်တော်များကို အစဉ်အမြဲပေးကြပါသည်။ ထိုမကြေမနပ်ဖြစ်သော လူများသည် ရခိုင်ပြောက်ကြားများနှင့် ပူးပေါင်းသောအခါ၊ ပထမဆုံး ဒါးပြတိုက် လုယက်မှုစတင်ခဲ့ကြပါသည်။ ထို့နောက် ရခိုင်လူမျိုး ပုလိပ်အရာရှိများက မောင်းတော၊ ဘူးသီးတောင် မြို့နယ်များရှိ ရိုဟင်ဂျာများထံမှ ပိုက်ဆံကြေးငွေ ကောက်ကြသည့်အပြင်၊ ဆန်စပါးခိုးသုတ်မှုနှင့် ပတ်သက်၍ ၃ဒမ ၅-နှင့် ဖမ်းဆီးမည်

ဟု ခြိမ်းခြောက်ကြပါသည်။ ပြောက်ကြားများနှင့် ပူးပေါင်းခဲ့သူ အချို့သည် လူထု အကူအညီရရန် နိုင်ငံရေးလှုပ်ရှားမှုများ ပြုလုပ်လာခဲ့ကြပါသည်။ ၁၉၄၈-ခုနှစ် ဖေဖော်ဝါရီလမှ စ၍ ထိုလှုပ်ရှားမှုသည် မောင်းတော၊ ဘူးသီးတောင်မြို့နယ်များမှာ အခြေစိုက်လာရာ အခုအခါ ပိုမိုပြင်းထန် မြဲ ဖြစ်လာပါသည်။ ရခိုင်အမျိုးသား ထွန်းအောင်ဖြူသည် ထိုမှတ်စလင် ပြောက်ကြားတို့ ခေါင်းဆောင်ဖြစ်ခဲ့ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် နတ်မြစ်အရှေ့ဘက်ကမ်းခြေမှ ကုလားတန်းမြစ် အနောက်ဘက်ကမ်းခြေအတွင်း အရပ်ဒေသများကို မြို့နယ် တနယ်အဖြစ် သတ်မှတ်ပေးရန် တောင်းဆိုသော ထိုပြောက်ကြားအဖွဲ့မှ တောင်းဆိုချက် အချို့ကို အစိုးရ အရာရှိများက လက်ခံခဲ့ပါသည်။ ပြောက်ကြားတို့သည် ပထမ တောင်းဆိုချက်ကို ရုပ်သိမ်းလျှင်၊ အစိုးရသည် အခြားတောင်းဆိုချက်များကို စိတ်ပါလက်ပါ အခွင့်အရေး ပေးလိမ့်မည်ဟု မောင်းတော နယ်-နယ်ပိုင်နှင့် ဘူးသီးတောင်မြို့နယ် မြို့ပိုင်တို့က စစ်တွေခရိုင် အရေးပိုင်၏ ညွှန်ကြားချက်အရ မင်္ဂတာ ဗရှား၊ မစ္စတာ ဟဗီဘုလ္လာ၊ မစ္စတာပရက်အဟ်မဒ်၊ မင်္ဂတာ နူရအဟ်မဒ်နှင့် ကျွန်တော် (အေ-ဇဖါ·ရ်) တို့အား ပြောက်ကြားခေါင်းဆောင်များ နှင့် တွေ့ဆုံဆွေးနွေးရန် တောင်းပန်ပြောဆို မေးမြန်းသည့်အတိုင်း၊ ကျွန်တော်တို့သည်လည်း ဇင်း နှစ် ဇွန်လလောက်တွင် ဘူးသီးတောင်မြို့အပိုင် ကျောင်းတောင်ရွာ၌ ဇဖါးရ်နှင့် ထွန်းအောင်ဖြူတို့နှင့် တွေ့ဆုံဆွေးနွေးရာ၊ ဇဖါရ်က သူတို့သည် ရခိုင်ကွန်မြူနစ်များနှင့် သဘောတူစာချုပ်-ချုပ်၍၊ ဖဆပလ အစိုးရ ပြုတ်ချလျှင်၊ ကုလားတန်းမြစ်အနောက်ပိုင်း အရပ်ဒေသများကို သူတို့က အုပ်ချုပ်၍၊

ကျွန်ရခိုင်ပြည်ကို ရခိုင်ပြောက်ကြီးများက အုပ်ချုပ်လိမ့်မည်ဟု ပြောပြခဲ့ပါသည်၊ သို့သော် ကျွန်တော်တို့သည် သူတို့၏ ရည်ရွယ်ချက်ကား ရယ်ဘွယ်ဖြစ်၍ အဓိပ္ပါယ်မရှိကြောင်း သူ့ကို ညွှန်ကြားတိုက်တွန်း ပြန်ပြောပြရာ၊ ဇဖါးရှိသည့် အခြားတောင်းဆိုချက်များဖြစ်သော တိုင်းရင်းသား၊ သူတို့၏ လွတ်ငြိမ်းချမ်းသာခွင့်၊ သူတို့၏အဖွဲ့သည် တရားဝင်သောအဖွဲ့ဖြစ်ခြင်းနှင့် အာရကန်စာကို ပထမအဖြစ် ကျောင်းများတွင်ပြဋ္ဌာန်းခြင်းများကို အစိုးရက ဗိုလ်ပါလက်ပါ အပြည့်အစုံ အခွင့်အရေး အသိအမှတ်ပြုပေးလျှင်၊ ပထမ တောင်းဆိုချက်ကို ရုပ်သိမ်း၍ သူတို့သည်လည်း အဝင်ခံကြမည်ဟု ပြောဆိုခဲ့လေသည်။ ထိုရာတွင် သူတို့၏ ပါတီတခုက ဤကဲ့သို့ သဘောတူ တွေ့ဆုံဆွေးနွေးနေခဲ့ကြောင်းကို မသိဘဲ၊ ဒါးပြတိုက်သဖြင့် နှစ်ဘက်စလုံးမှ သဘောတူချက်များ ဖျက်ဆီးခဲ့လေသည်။ ထိုနောက် ကျွန်တော်တို့သည် ဆွေးနွေးချက် အကြောင်းမျိုးစုံကို မောင်းတောမြို့နယ် နယ်ပိုင်ထံ အကြောင်းကြား အစီရင်ခံခဲ့ပါသည်။

ယခုအခါ သီးခြားခရိုင်တခု တောင်းဆိုသည်မှာ ရိုဟင်ဂျာတို့သည် သူတို့၏ ညီရင်းအစ်ကိုသဘွယ်ဖြစ်သော ရခိုင်လူမျိုးတို့၏ လက်အောက်တွင် သင့်တော်လျောက်ပါတ်သော ပြုစုသုံးသပ် ပေဖန်မှုမရခြင်း၊ ၁၉၄၂-ခုနှစ်တွင် ဖြစ်ပွါးခဲ့သော အဓိကရုဏ်းကို မနာလိုဘွယ် မဏ္ဍာရစိတ်ရှိသော အချို့ရခိုင်အရာရှိများကို မောင်းတော၊ ဘူးသီးတောင် မြို့နယ်များ၌ ခန့်ထားခြင်းနှင့် ၎င်းတို့၏ မတရား နှိပ်စက်ကလူပြုမှုခြင်းတို့ကြောင့် ရိုဟင်ဂျာတို့သည် ရခိုင်လူမျိုးတို့၏ တရားမျှတမှု အပေါ် ယုံကြည်မှု ကင်းလွတ်သောကြောင့် ဖြစ်ပါသည်။ ၁၉၄၇ ခုနှစ်တွင် မစ္စတာ ဧ၊ လ တန် အဟ်မဒ်နှင့် ကျွန်တော်သည်

ပြည်သူ့လွှတ်တော် အမတ်များဖြစ်သောအခါ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် လက်အောက်တွင် သီးခြားပြည်နယ် တောင်းဆိုရန်၊ မဲဆန္ဒရှင် အပေါင်းတို့က ညွှန်ကြားခဲ့သော်လည်း၊ ကံမကောင်း အကြောင်းမလှ၍ မသမာသော လူတစု၏ လုပ်ကြံမှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အပေါင်းပါတို့သည် ကျဆုံးခဲ့သဖြင့်၊ ကျွန်တော်တို့သည် ပြည်ထောင်စု အင်အား ယုတ်လျော့မည် စိုးရိမ်ကြောင့်ကြသောကြောင့်၊ သီးခြားပြည်နယ် မတောင်းခဲ့ပါ။ သို့ရာတွင် ယခုအခါ ရခိုင်လူမျိုးတို့ကို ပြည်ထောင်စု မြန်မာနိုင်ငံတော် လက်အောက်တွင် ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ရေး(ဝါ) သီးခြားပြည်နယ်ပေးလျှင်၊ ကျွန်တော်တို့သည် နောင်အခါတွင် ရခိုင်တို့၏ အနှောင့်အယှက် ဒုက္ခ ပေးမှုများမှ လွတ်မြောက် ချမ်းသာခွင့် ရနိုင်အောင် ကျွန်တော်တို့အားလည်း သီးခြားပြည်နယ် (ဝါ) သီးခြားခရိုင်တခု သတ်မှတ်ပေးရန် မတောင်းဘဲ မနေနိုင်တော့ပါ။ အကယ်၍ သီးခြားပြည်နယ် (ဝါ) သီးခြားခရိုင်တခု မသတ်မှတ်ပေးလျှင်၊ ရခိုင်လူမျိုးများ၏ လက်အောက်တွင် ကျွန်တော်တို့သည် တရားမျှတမှုနှင့် ညီမျှမှုများ ရရှိလိမ့်မည်မဟုတ်ပါ။ နိုင်ငံတော် ဝန်ကြီးချုပ်သည် မောင်းတော၊ ဘူးသီးတောင်မြို့များသို့ အလည်အပတ် သွားမည်ဟု ကြေညာခဲ့သောအခါ၊ ထိုဒေသရှိ မြောက်မြားစွာသော လူတို့သည် ဝန်ကြီးချုပ်ကို ကြိုဆိုရန် လာရောက်ခဲ့ကြပါသည်။ သို့သော် လေယာဉ်ပျံ မရှိသောကြောင့် ဝန်ကြီးချုပ် မသွားဖြစ်သဖြင့်၊ ထိုလူတို့သည် မျှော်လင့်ချက်ပျက်၍ စိတ်ပျက်အားငယ်ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် ဝန်ကြီးချုပ်အား ရန်ကုန်တွင် သဝဏ်လွှာတင်ဆက်ရန် ဂျမီယတ်တူလ်အူလမာအေ အဖွဲ့မှ မစ္စတာစုလတန်အဟ်မဒ်၏ ဦး

(ပါလီမန်အမတ်) အေ-ဂဖါး၏(ပါလီမန်အမတ်)၊ မစ္စတာဖရက်အဟ်မဒ် - ဘီအက်စီ၊ ဘီအယ်လ်နှင့် မစ္စတာနူရ်အဟ်မဒ် (ဂျမီယတ်တုလ်အုလေမာအဖွဲ့၏ အထွေထွေအတွင်းရေးမှူး) တို့ကို ကိုယ်စားလှယ်အဖြစ် စေလွှတ်ခဲ့ပါသည်။

မူဂျာဟစ်ဒ်သည် "မိမိတို့ တိုင်းပြည်နှင့် ဘာသာရေးအခွင့် အရေးအတွက် တိုက်ခိုက်သောလူ" ဟု အဓိပ္ပါယ်ရှိသော အရေဗီစာလုံးတလုံးဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် မူဂျာဟစ်ဒ်ဟသော စာလုံးကို ပါကစ္စတန် (၀ါ) အိန္ဒိယပြည်မှ လူမျိုးများ ဖြစ်ကြောင်း အဓိပ္ပါယ် အယူအဆ အထင်မှားကြပါသည်။ ဤကဲ့သို့ အထင်မှား၍ ပြောဆိုခြင်းမှာ လုံး၀ ယုတ္တိမရှိပါ။ ထိုမူဂျာဟစ်ဒ် ပေါင်းတို့သည် ပြည်ထောင်စုတိုင်းရင်းသားများဖြစ်ကြပါသည်။ ထိုမူဂျာဟစ်ဒ်တို့၏ လှုပ်ရှားမှုများကြောင့်၊ မောင်းတော ဘူးသီးတောင်မြို့နယ်များ၌ လူထုအပေါင်းတို့သည် အတိဒုက္ခခံနေရပါသည်။ မူဂျာဟစ်ဒ်တို့သည် အချို့ရခိုင်လူမျိုးများကို မောင်းတော၊ ဘူးသီးတောင်မြို့နယ်များမှ မောင်းထုတ်ခဲ့သည်ဟု ပြောဆိုကြပါသည်။ ကျွန်တော်သည် မောင်းတောမြို့သို့ ပြန်လာရောက်၍၊ ဤအကြောင်းကို သေသေချာချာ စုံစမ်းခဲ့ရာ၊ ၎င်းအကြောင်းနှင့် ပတ်သက်၍ အမှုတမှုသာတွေ့ရှိခဲ့ပါသည်။ ဤကိစ္စတွင် အဗ်ဒုလ်ဟုစိန်ဆိုသူ တယောက်သည် မောင်းတောမြို့ ဂါတ်ကို ချိုးဖေါက်ထွက်ပြေး၍၊ ရခိုင်အမျိုးသမီး ၂-ဦးကို ဒုက္ခပေးကြောင်း ကြားသိရပါသည်။ ထို့အပြင် ၎င်းသူကို မူဂျာဟစ်ဒ်တို့ကလည်း ပြင်းထန်သောအပြစ်ဒါဏ်ပေးသည်ဟုကြားသိရပါသည်။ ထိုအမျိုးသမီး ၂-ဦးကိုလည်းသူတို့၏ မိဘအုပ်ထိန်းသူများထံသို့ ပြန်ပို့ပေးခဲ့ကြပါသည်။ ရခိုင်တို့သည် ကြောက်လန့်၍ မိမိတို့ရွာများကို စွန့်

ပစ်ခဲ့ခြင်းမှာယုံမှားသံသယမရှိပါ၊ ရင်းနှင့် ပတ်သက်၍ ကျွန်တော်တို့ ညီရင်းအစ်ကိုများ ဖြစ်သော ရခိုင်လူမျိုး အချို့ ကိုသည် မောင်းတော၊ ဘူး သီးတောင်မြို့နယ်များရှိ မွတ်စလင်မ် (ရိုဟင်ဂျာ)များကို ခြိမ်းခြောက်ကြပါသည်။ ထိုအကြောင်းကို ကျွန်တော်တို့သည် သတင်းစာများ၌ အခြေမရှိ အဓိပ္ပါယ်မရှိသောသူတို့၏ တမင်သက်သက် မဟုတ်မမှန် ပြောဆိုချက်များ တွေ့ရှိရပါသည်။ မောင်းတော၊ဘူးသီးတောင်မြို့နယ်များရှိ လူထုသည် သစ္စာရှိသော လူမျိုးများဖြစ်၍ အစိုးရထံ နှစ်စဉ်နှစ်တိုင်း အခွန်တော်များ ဆက်သခြင်းနှင့် ဖြစ်နိုင်သော အကူအညီများကို ပေးလျက်ရှိကြပါသည်။

မောင်းတော၊ ဘူးသီးတောင် မြို့နယ်များရှိ မွတ်စလင်မ် (ရိုဟင်ဂျာ)များသည် ပါကစ္စတန်နှင့် ပူးပေါင်းရန် ယိမ်းယိုင်လိမ့်မည်ဟု ပြောဆိုနေသည်မှာ လုံးဝ မမှန်ကန်ပါ။ ထိုသို့ ပါကစ္စတန်နှင့် ပူးပေါင်းလျှင် ရိုဟင်ဂျာတို့သည် မိမိတို့၏ ဒိုးပွားရေး ဖျက်ဆီးနေမည်ကို ကြိုတင်သိရှိကြပါသည်။ထို့အပြင် သူတို့သည် ဘာသာရေးပွဲတော်များကို လွတ်လပ်စွာ ပြုလုပ်ကျင်းပနိုင်ရန် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက ခွင့်ပြုအာမခံထားသဖြင့် အဘယ်ကြောင့် ထိုသူတို့သည် ပါကစ္စတန်နှင့် ပူးပေါင်းပါမည်နည်း။ ပူးပေါင်းမည် ဆိုသော အချက်မှာ အဓိပ္ပါယ်မရှိပါ။ မိဘများမှာ စစ်တကောင်းလူမျိုးများဖြစ်၍၊ မောင်းတောမြို့ဘွား မွေးဖွားခဲ့သော အုမရမိယ (Omra Meah) ဆိုသူသည် ၁၉၄၆-ခုနှစ်(ဝါ)၁၉၄၇-ခုနှစ်ပတ်က မောင်းတော ဘူးသီးတောင်မြို့နယ်များကို ပါကစ္စတန်နှင့် ပူးပေါင်းရန် ဆောင်ရွက်နေခဲ့သော ရိုဟင်ဂျာ အချို့ကို

သွားဆောင်ခဲ့သော်လည်း သူသည် ထောက်ခံမှု မရရှိသဖြင့် မောင်းတောမြို့မှ ထွက်ခွါသွားခဲ့ပါသည်။ ထိုမြို့နယ်များရှိ လူထုသည် ပါကစ္စတန်နှင့် ပူးပေါင်းရေးကို ဆန့်ကျင်ကန့်ကွက်ခဲ့ပါသည်။ ထိုလူထုသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တရားမျှတမှုနှင့် ညီမျှမှုများကိုသာ လိုလားကြပါသည်။ မူဂျာဟစ်ဒ်တို့သည် သူတို့အား ထောက်ခံ အားပေးရန် မောင်းတော၊ ဘူးသီးတောင်မြို့နယ်များရှိ မွတ်စလင်မ် (ရိုဟင်ဂျာ) များသည် လူများစုဖြစ်သဖြင့် လူနည်းစု ဖြစ်လာအောင် ၎င်းတို့ကို ရခိုင်ပြည် အခြားအရပ်ဒေသများသို့ ရွှေ့ပြောင်း လိမ့်မည်ဟု ကောလာဟလ သတင်းများ ဖြန့်နှံ့သည်ဟု ပြောဆိုကြပါသည်။ ထိုကြောင့် အစိုးရသည် ထိုလူထုအပေါင်းတို့ ယုံကြည်လာအောင်နှင့် ထိုပြောက်ကြားများကို အားတိုက်အင်တိုက် အပြင်းအထန် နှိမ်နင်းရန် အရေးကြီးပါသည်။ ဤကဲ့သို့ မပြုလုပ်လျှင် ဘာမျှမသိနားမလည်၍ အသိဉာဏ် ကင်းမဲ့သော ထိုလူထုသည် အပြစ်မရှိဘဲ အတိဒုက္ခခံမြဲခံရပါမည်။

ရန်ကုန်မြို့

နေ့စွဲ ၁၉၄၈-ခုနှစ်၊

နိုဝင်ဘာလ ၂၀-ရက်နေ့။

(အေ၊ ဂဖါးရ်)

ပါလီမန်အမတ်၊